# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅၂] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၉၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်သော ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် နိုင်ငံကူးလက်မှတ်အမှတ် ၅၆၇၆၄၀၀၄၃ ကိုင်ဆောင်သူ အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster (ဘ) Bud Fenster အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁) အရ **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၉၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပုသိမ်အကျဉ်းထောင်တွင်ပြစ်ဒဏ်ကျခံလျက်ရှိသော အောက်ပါ အိန္ဒိယနိုင်ငံသား (၁၀) ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁) အရ **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသောစည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၅၈/က၊ မာရီမူတူး

(၂) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၅၉/က၊ ဆူရန်သာဆာကာ

(၃) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၀/က၊ သူရန်ဆာကာ

(၄) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၁/က၊ ဆာကာ/ဆူရိတ်

(၅) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၂/က၊ ကာသေရာဂျာ

(၆) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၃/က၊ အက်စ်ကူးမား

(၇) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၄/က၊ ဂျီရာဂျာ

(၈) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၅/က၊ ဂျေစီလမ်း

(၉) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၆၉/က၊ အရူးအမန်း

(၁၀) ထောင်ဝင်နံပါတ် ပသ/၂၁/၀၀၄၇၀/က၊ အာဂျေး

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၉၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**အိန္ဒိယနိုင်ငံသား (၆) ဦးနှင့်စပ်လျဉ်း၍ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါအိန္ဒိယနိုင်ငံသား (၆) ဦးအပေါ် တရားရုံးများ၌ စွဲဆိုထားသည့် စစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများအားလုံးကိုပိတ်သိမ်း၍ အမှုမှလွှတ်ပြီး ပြည်နှင်ဒဏ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်–

(၁) Mr. Kolreng (ဘ) Mr. Tomba

(၂) Mr. Abl (ဘ) Mr. Baba

(၃) Mr. Banneri (ဘ) Mr. Song Ai Tao

(၄) Mr. Angan (ဘ) Mr. Choo Ba

(၅) ကျော်ထွန်းနိုင် (ခ) khana Ba (ဘ) ဦးညိုမောင်

(၆) နော်ရာ (ခ) Devan (ဘ) ဦးနော်ဖန် (ခ) Dhananjoy

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၅၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ရန် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (တ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |

(ထ) မြို့တော်ဝန် အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( ဒ ) မြို့တော်ဝန် အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( ဓ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( န ) ကိုယ်စားလှယ် အဖွဲ့ဝင်
အလုပ်သမားအဖွဲ့အစည်း

( ပ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ

( ဖ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

( ဗ ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
အလုပ်သမားဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

၂။ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊

( ခ ) စီမံကိန်းရည်မှန်းချက်များကို ဆောင်ရွက်ရာတွင် အရေးကြီးသောလုပ်ငန်းများအား မူဝါဒချမှတ်ပေးခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊

( ဂ ) ကော်မတီလုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(ဃ) လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် (၆) လ တစ်ကြိမ် ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊

( င ) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးကော်မတီများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

( စ ) ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်ပအဖွဲ့အစည်းအလှူရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းသည့်ငွေကြေး၊ ပစ္စည်းဥစ္စာနှင့် နည်းပညာများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

( ဇ ) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်တစ်ကြိမ် အစီရင်ခံတင်ပြခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၅၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေအရ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းသိန်းဇံ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ် အောင်လင်းထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) ဗိုလ်ချုပ် စိုးတင့်နိုင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဦးမောင်မောင်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဦးရဲတင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ဦးဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဇ ) ဒေါက်တာ အေးထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

( ဈ ) ဦးမျိုးလှိုင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊

( ခ ) မြန်မာ့အားကစား ကမ္ဘာ့အဆင့်အတန်းမီစေရေးအတွက် အားကစားနှင့် ကာယပညာဆိုင်ရာ စီမံကိန်းနှင့် စီမံချက်များ ချမှတ်ပေးခြင်း၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် လူထုအားကစားလှုပ်ရှားမှုများကို ကျင်းပခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) အားကစားအဆင့်အတန်းအား နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားလာစေရန် "အားကစား ဆေးပညာလုပ်ငန်း" နှင့် "အားကစားသုတေသနလုပ်ငန်းများ" နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

( င ) ပြည်တွင်း ပြည်ပအားကစားပြိုင်ပွဲများကို အဆင့်မီစွာနှင့် တရားမျှတသန့်ရှင်းသော ပွဲစဉ်များ ဖြစ်မြောက်အောင် ကျင်းပပြုလုပ်ပေးနိုင်ရေးနှင့် ပြည်ပပြိုင်ပွဲယှဉ်ပြိုင်မှုများတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုရရှိစေရေးတို့အတွက် ပြိုင်ပွဲကြီးကြပ်ရေးကော်မရှင်များ၊ ဒိုင်လူကြီးများ မွေးထုတ်သင်တန်း ပေးခြင်း၊ ပြိုင်ပွဲကြီးကြပ်ရေး တာဝန်ပေးစေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

( စ ) အားကစားသိပ္ပံ၊ အားကစားတက္ကသိုလ်များဖွင့်လှစ်ခြင်း၊ အားကစားအမျိုးအစားအလိုက် သင်တန်းများ ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) အားကစားအရည်အသွေးမြင့်မားလာစေရန် နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

( ဇ ) ပြည်ပတွင်ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် အားကစားသမားများ၊ အားကစားအဖွဲ့များ၊ ပါဝင်ယှဉ်ပြိုင်ရေးအတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရွေးချယ်စေလွှတ်ခြင်း၊

(ဈ) ပြည်ပတွင်ကျင်းပသည့် အားကစားဆိုင်ရာသင်တန်းများ၊ ဆွေးနွေးပွဲများသို့တက်ရောက်ရန် သင့်လျော်သည့်ပုဂ္ဂိုလ်များအား သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ရွေးချယ်စေလွှတ်ခြင်း၊

(ည) အားကစားဆိုင်ရာ လေ့လာရေးနှင့် ချစ်ကြည်ရေးအဖွဲ့များကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပြည်ပသို့ စေလွှတ်ခြင်း၊

( ဋ ) ပြည်ပအားကစားအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ အားကစားပညာရှင်များ၊ အားကစားအသင်းအဖွဲ့များ၊ အကူအညီပေးသူများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖိတ်ကြားခြင်း၊

( ဌ ) နိုင်ငံခြားနည်းပြများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖိတ်ကြားခြင်း၊ ငှားရမ်းခြင်း၊

( ဍ ) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အလှူငွေများ၊ ထောက်ပံ့ငွေများ၊ ပစ္စည်းများလက်ခံခြင်း၊

(ဎ) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အားကစား အဆောက်အအုံ၊ အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းရယူအသုံးပြုခြင်း၊ ငှားရမ်းအသုံးပြုခြင်း၊

(ဏ) ပြည်တွင်း ပြည်ပမှ အားကစားပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(တ) အားကစားနှင့်စပ်လျဉ်း၍ ရရှိသည့်ဝင်ငွေများ၊ အလှူငွေများအပေါ် ဝင်ငွေခွန်၊ အမြတ်ခွန် စည်းကြပ်ခြင်းမှ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ရရှိရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၇၆/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၆၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

### (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေး အတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ကောင်စီဝင်တစ်ဦး၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာ (မူကြမ်း) အား အချိန်မီရေးသားပြုစုအတည်ပြုပေးခြင်း၊

(ခ) ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဖော်ဆောင်နိုင်မည့် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားအောင်ပွဲနေ့၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို လူငယ်လူရွယ်များ သိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ်ရင့်သန်ခိုင်မာစေရန် ပြပွဲ၊ ပြိုင်ပွဲနှင့် ဟောပြောပွဲများ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို Oline ဖြင့်ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များနှင့်အညီဖြစ်စေ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၆၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာ ကေသီထွေး ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈၅၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပုသိမ်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ယင်းမာချစ် (တ/၃၅၇၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

### ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ e-Government ဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမြတ်ထွန်းဦး အား လစ်လပ်လျက်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ e-Government ဌာန ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

### ဦးစီးအရာရှိရာထူး ခန့်ထားခြင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၁ ဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော

အောက်ဖော်ပြပါအရာရှိ(၂)ဦးတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သဘောတူခွင့်ပြုချက်အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများ၌ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်–

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၄၄၅၃၃ | ဗိုလ်ကြီး | ကောင်းခန့် |
| (၂) | ကြည်း ၄၄၇၈၂ | ဗိုလ်ကြီး | စိုးသိန်းဇော် |

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၂) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်အဖြစ်ပါဝင်သော ဦးမင်းထင်၊ အစီအစဉ်ညွှန်ကြားရေးမှူး **အစား** ဦးအောင်ကြီး၊ ဥက္ကဋ္ဌ၊ ဟိုတယ်တည်းခိုရိပ်သာနှင့် တည်းခိုခန်းလုပ်ငန်းရှင်များအသင်း(ရွှေဘိုဇုန်) ကိုလည်းကောင်း၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ်အဖြစ်ပါဝင်သော ဦးအောင်ကြီး၊ ဥက္ကဋ္ဌ၊ ဟိုတယ်တည်းခိုရိပ်သာနှင့် တည်းခိုခန်းလုပ်ငန်းရှင်များအသင်း (ရွှေဘိုဇုန်) **အစား** ဦးခင်မောင်မြင့်၊ လုပ်ငန်းရှင်၊ ချင်းတွင်းမြင့် ဟိုတယ်ကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**ကချင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးခက်ထိန်နန်၊ ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးခက်ထိန်နန်၊ ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဗိုလ်မှူးကြီးကျော်လင်းအောင်၊ အဖွဲ့ဝင်၊ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမျိုးဆွေ၊ စီးပွားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်

အစိုးရအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးစိုးနိုင်၊ ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ **အစား** ရဲမှူးကြီးအေးလွင်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကချင်ပြည်နယ်ကို လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### မြောက်ဦး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U International Coordinating Committee) ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၅၇၈)/၁၄/ကောင်စီရုံး၏ ခွင့်ပြုချက်အရ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးလုပ်ငန်းစဉ်များ၊ ရှေးဟောင်းအဆောက်အအုံများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် ပညာရပ်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာမှ ထိရောက်သောပံ့ပိုးကူညီမှုရရှိနိုင်ရန် ပြည်ပပညာရှင်များပါဝင်သည့် **မြောက်ဦး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U International Coordinating Committee)** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အစည်းအဝေးကျင်းပရန် တာဝန်ယူစီစဉ်သည့် အလှည့်ကျနိုင်ငံမှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ State Administration of Cultural Heritage မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | Mr. Dong Wai<br>Southeast University၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ | အဖွဲ့ဝင် |
| (င) | အီတလီနိုင်ငံ Italian Agency for Development Cooperation (AICS) အဖွဲ့၏ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (စ) | ဦးညွန့်ဟန်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးခရိုင် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာ တင်မာအောင်<br>ပညာရေးကော်မတီဥက္ကဋ္ဌ၊ ရခိုင်သဟာရအသင်း<br>(အတွင်းရေးမှူး၊ ဒေါက်တာ စောမြတ်အောင် ဖောင်ဒေးရှင်း) | အဖွဲ့ဝင် |

(ဈ) ဒေါ်ခင်သန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ Mrauk – U Heritage Trust
မြောက်ဦးမြို့

(ည) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မြောက်ဦးဌာနခွဲ

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အဆိုပြုစီမံကိန်းအသစ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များပေးခြင်း၊

(ခ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ စစ်မှန်မှုနှင့် ဂုဏ်သိက္ခာအား ကာကွယ်ရန်၊ သင့်မြတ်သော ဆောင်ရွက်မှုနှင့် အမြင့်ဆုံးအရည်အသွေးရှိသော ထိန်းသိမ်းမှုဖြစ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ဆဲ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ရလဒ်ကို မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U National Coordinating Committee) (MRAUK – UCOM) သို့ တင်ပြခြင်း၊

(ဂ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ကွင်းဆင်းလာရောက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်ခြင်း၊ ကော်မတီအစည်းအဝေးများတွင် တွေ့ရှိမှုများ၊ အကြံပြုချက်များနှင့်ပတ်သက်သည့် အစီရင်ခံစာတို့အား လိုအပ်ပါက မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (Mrauk – U National Coordinating Committee) (MRAUK – UCOM) သို့ တင်ပြခြင်း၊

(ဃ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်အတိုင်း စီမံခန့်ခွဲခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ဦးစားပေးအစဉ်အတိုင်းဆောင်ရွက်ရာတွင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုကို အားဖြည့်ခြင်း၊

(င) ပုံမှန်အစည်းအဝေးကို (၆) လ တစ်ကြိမ်ပြုလုပ်ရန်နှင့် လိုအပ်ပါက အထူးအစည်းအဝေးများကို ခေါ်ယူ ကျင်းပခြင်း၊

(စ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းအစီရင်ခံစာအား မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U National Coordinating Committee) (MRAUK – UCOM) အစည်းအဝေးများတွင် တင်ပြခြင်း၊

(ဆ) ဆောင်ရွက်ဆဲလုပ်ငန်းများ၏ တိုးတက်မှုအစီရင်ခံစာများကို မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (MRAUK – UCOM) သို့ တင်ပြခြင်းနှင့် မြောက်ဦးဒေသရှိ ဌာနဆိုင်ရာများနှင့် ကျွမ်းကျင်သူများမှ တင်ပြလာသည့် အခက်အခဲများကို ဖြေရှင်းပေးခြင်း၊

(ဇ) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၏ အမွေအနှစ်ထိန်းသိမ်းမှု လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ နည်းပညာဆိုင်ရာ မှတ်တမ်းနှင့် သတင်းအချက်အလက်များကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ဒေသခံပြည်သူများအား မျှဝေခြင်း။

ကိုကို
ဥက္ကဋ္ဌ
မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၂၁) ၏ သဘောတူညီချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နိုင်ငံတကာရေးရာ ဦးစီးဌာနတို့ရှိ အောက်ဖော်ပြပါ ဦးစီးမှူး/ဒုတိယဦးစီးမှူး (၁၀) ဦးတို့အား ဤဝန်ကြီးရုံးတွင် လစ်လပ်လျက် ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးကျော်ငွေ<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နိုင်ငံတကာရေးရာဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် သုတေသနဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နိုင်ငံတကာရေးရာဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် သုတေသနဌာနခွဲ |
| ( ခ ) | ဦးတင်ကိုနိုင်<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နိုင်ငံတကာရေးရာဦးစီးဌာန၊ နယ်နိမိတ်ရေးရာနှင့် လုံခြုံရေးဆိုင်ရာဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နိုင်ငံတကာရေးရာဦးစီးဌာန၊ နယ်နိမိတ်ရေးရာနှင့် လုံခြုံရေးဆိုင်ရာဌာနခွဲ |
| ( ဂ ) | ဦးဇေယျာလင်းဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ ဦးစီးရုံးအဖွဲ့ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ ဦးစီးရုံးအဖွဲ့ |
| (ဃ) | ဦးငွေအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |
| ( င ) | ဦးသန်းဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |
| ( စ ) | ဦးစိုးဇော်ဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပြည်တွင်းရေးရာဦးစီးဌာန တပ်မတော်ရေးရာဌာနခွဲ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (ဆ) | ဦးထွန်းဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ |
| ( ဇ ) | ဦးတင်ဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ ဦးစီးရုံးအဖွဲ့ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ ဦးစီးရုံးအဖွဲ့ |
| (ဈ) | ဦးသိန်းသန်းထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |
| (ည) | ဦးစန်းကို<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ | <br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ |

ဗိုလ်ချုပ်ကြီး မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ (၁၀၉၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်-၇၉၀/ကျောင်းကုန်းမြောက်၊ မြေကွက်အမှတ် - $\frac{64}{300}$ ရှိ **မြေဧရိယာ ၀.၁၆၅ ဧက** အား **ဆားလင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၉၁၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်<br>(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ထိုရာထူးနေရာတွင်ပင် တတိယအကြိမ် တစ်နှစ်ဆက်လက် ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

## တင်ဒါကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၀၃၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်<br>(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အခွန်အယူခံခုံအဖွဲ့ရုံး၏ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးပရိဘောဂ၊ စက်နှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသောပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်သန့်ဇင်အေး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်သူဇာဝင်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၃) | ဒေါ်ကြည်ကြည်မာ | ဦးစီးအရာရှိ | အတွင်းရေးမှူး |

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်သူထူး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဇေယျ | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်မေသူခိုင် | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၄) | ဦးစိန်ဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

**( ဂ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိန်ဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်သူမင်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်သွယ်သွယ်မိုး | ဦးစီးအရာရှိ | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

( ခ ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့်ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျော ညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

( ဂ ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများ စုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

( င ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

( စ ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

( ဂ ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

( င ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိမရှိ စိစစ်ခြင်း၊

( စ ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

( ခ ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

( ဂ ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

( င ) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

( စ ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၁)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊အခွန်အယူခံခုံအဖွဲ့ရုံး၏၂၀၂၁-၂၀၂၂ခု၊ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ လမ်း၊ တံတားများရရှိနိုင်ရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်သန့်ဇင်အေး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်သူဇာဝင်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၃) | ဒေါ်ကြည်ကြည်မာ | ဦးစီးအရာရှိ | အတွင်းရေးမှူး |

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်သူထူး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဇေယျ | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်မေသူခိုင် | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၄) | ဦးစိန်ဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

( ဂ ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိန်ဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်သူမင်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်သွယ်သွယ်မိုး | ဦးစီးအရာရှိ | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆောက်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လုပ်ငန်းတစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းများသတ်မှတ်၍ တင်ဒါကော်မတီသို့ စုစည်းတင်ပြခြင်း၊

(ဂ) ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဃ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(င) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဆ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဇ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဈ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ကုမ္ပဏီတွင် ပါဝင်သော Professional Engineer ၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(ခ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရား လက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(င) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(စ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၆/ ၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်ဦး

ဥက္ကဋ္ဌ

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၂၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

**မြန်မာ့စီးပွားရေးဘဏ် ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့စီးပွားရေးဘဏ် ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ဘဏ်တွင်းစာရင်းစစ်ဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | ဒု - ဥက္ကဋ္ဌ |
| (ဂ) | အထွေထွေမန်နေဂျာ<br>စာရင်းဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | အထွေထွေမန်နေဂျာ<br>ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (င) | အထွေထွေမန်နေဂျာ<br>ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (စ) | အထွေထွေမန်နေဂျာ<br>သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ဋ) ဒုတိယအထွေထွေမန်နေဂျာ အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

၂။ မြန်မာ့စီးပွားရေးဘဏ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၏ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ ဆုံးဖြတ်ခြင်း၊ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ လချုပ်၊ နှစ်ချုပ် ရှင်းတမ်းများ အတည်ပြုခြင်း၊ ထုတ်ချေးသည့် ချေးငွေများ အတည်ပြုခြင်း၊

(ခ) မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ထိရောက်စွာ ဆောင်ရွက်မှုပြုနိုင်ရန် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ (ဂ) ပါ လုပ်ငန်းတာဝန်များဖြစ်သည့်-

(၁) ပြည့်စုံသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုစံများမြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ဥပဒေနှင့် ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ လိုက်နာမှုကို သေချာစေခြင်းတို့ကို စနစ်တကျကျင့်သုံးဆောင်ရွက်မှုပြုနိုင်ရန် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ကော်မတီ၊ စာရင်းစစ်ကော်မတီ၊ Compliance ကော်မတီတို့၏ လစဉ်သုံးသပ်ချက် အစီရင်ခံစာများ အတည်ပြုခြင်း။

၃။ ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၅/ ၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ ဒုတိယအထွေထွေ မန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၂) ဦးတို့အား မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက် ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာများသို့ တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဦးခင်မောင်ညွန့်

(၂) ဦးတင်မိုးသိန်း

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းမှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၄၁,၀၀ဝိ–၄,၀၀ဝိ–၃၆၁,၀၀ဝိ) (၃) ဦးတို့အား မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀ဝိ–၄,၀၀ဝိ–၃၉၄,၀၀ဝိ) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

(၁) ဦးကျော်မျိုးဆွေ

(၂) ဒေါ်ချိုချိုခင်

(၃) ဦးအောင်ဟိန်းကျော်

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

### ရုရှား – မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစားထိုးဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ဤဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ရုရှား – မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ မြန်မာဘက်မှ ကော်မရှင်ကို အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန<br>(အတွင်းရေးမှူး) | **ပြင်ဆင်** | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန<br>(အတွင်းရေးမှူး) |

| | | | |
|---|---|---|---|
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန<br>(တွဲဖက်အတွင်းရေးမှူး) | **ပြင်ဆင်** | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန<br>(တွဲဖက်အတွင်းရေးမှူး) |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန<br>(အဖွဲ့ဝင်) | **အစား** | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန<br>(အဖွဲ့ဝင်) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန<br>(အဖွဲ့ဝင်) | **အစား** | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန<br>(အဖွဲ့ဝင်) |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>(အဖွဲ့ဝင်) | **ပြင်ဆင်** | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန<br>(အဖွဲ့ဝင်) |
| (စ) | – | **ဖြည့်စွက်** | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ်<br>(အဖွဲ့ဝင်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလတ် ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်မှစ၍ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၉ ရက်မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

အမှတ် ၂၇၇။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်–

**ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးဝင်းရဲထွန်း<br>လူမှုရေးရာဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီးဉာဏ်မြင့်ကျော်<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ရဲထွန်း<br>ပြည်နယ်အခွန်ဦးစီးဌာနမှူး<br>ကချင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်လင်း<br>ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးမင်းနောင် (ခ) ဦးအားတီ<br>ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဆ) | ဦးအားဖျော့ (ခ) အေးမောင်<br>ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

အမှတ် ၂၇၉။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ

အောက်ဖော်ပြပါ အမှုထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| ဦးခင်မောင်ထူး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၂၈၀။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အမှုထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| ဒေါ်ခင်သန်းမြင့် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၂၈၁။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အမှုထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ချမ်းမြေ့ | စာရင်းကိုင် - ၂ (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |
| (ခ) | ဒေါ်ဝင်းငုဝါဝင်း | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး<br>လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊<br>လစာနှုန်း၊ ဌာန |
|---|---|---|---|
| ( ၈ ) | ဒေါ်စန်းစန်းနွယ် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၂၈၂။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၁) ၏သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃၆) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊<br>လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊<br>လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၁) | ဒေါ်စန္ဒာချစ်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် |
| (၂) | ဒေါ်ခင်နှင်းရီ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိတ္ထီလာခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကျောက်ဆည်ခရိုင်ရုံး |
| (၃) | ဒေါ်ခင်စန်းမြင့်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>လှိုင်းဘွဲ့မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဖာပွန်ခရိုင်ရုံး |
| (၄) | ဒေါ်နီလာဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဟားခါးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထန်တလန်မြို့နယ်ရုံး |
| (၅) | ဒေါ်ချိုချိုမာ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ချောက်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ညောင်ဦးခရိုင်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၆) | ဒေါ်ကြည်ကြည်ခိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရွှေသောင်ယံမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုသိမ်ခရိုင်ရုံး |
| (၇) | ဒေါ်အေးအေးစိုး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>တောင်ကြီးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တောင်ကြီးခရိုင်ရုံး |
| (၈) | ဦးစိုင်းထွန်းနေလှိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရှမ်းပြည်နယ်၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဒက္ခိဏခရိုင်ရုံး |
| (၉) | ဦးနေမျိုးသူရိန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ညောင်ရွှေမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ညောင်ရွှေမြို့နယ်ရုံး |
| (၁၀) | ဦးဇော်လင်းဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အောင်မြေသာစံမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ချမ်းမြသာစည်မြို့နယ်ရုံး |
| (၁၁) | ဒေါ်မေသက်နွယ်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မင်းကင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကျောက်ပန်းတောင်းမြို့နယ်ရုံး |
| (၁၂) | ဒေါ်စံပယ်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ချမ်းမြသာစည်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အောင်မြေသာစံမြို့နယ်ရုံး |
| (၁၃) | ဦးထွန်းမင်းအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြို့သစ်မြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကလေးခရိုင်ရုံး |
| (၁၄) | ဒေါ်နုနုယဉ်မိုး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကယားပြည်နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>လွိုင်ကော်ခရိုင်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၁၅) | ဒေါ်မို့မို့အောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>တာမွေမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တာမွေမြို့နယ်ရုံး |
| (၁၆) | ဒေါ်မိသူဇာ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ချောင်းဆုံမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မြိတ်ခရိုင်ရုံး |
| (၁၇) | ဒေါ်သီတာအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မော်လမြိုင်ကျွန်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>လပွတ္တာခရိုင်ရုံး |
| (၁၈) | ဒေါ်ယုယုဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ချောင်းဦးမြို့နယ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မုံရွာခရိုင်ရုံး |
| (၁၉) | ဦးဇော်ဝင်းထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ခါမ်းပတ်မြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကလေးဝမြို့နယ်ရုံး |
| (၂၀) | ဒေါ်နှင်းဝတ်ရည်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစု၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစု၊ ရုံးချုပ် |
| (၂၁) | ဒေါ်ခင်စောလွင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်ဆည်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မန္တလေးခရိုင်ရုံး |
| (၂၂) | ဒေါ်ချိုမာထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောင်းကုန်းမြို့နယ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မအူပင်ခရိုင်ရုံး |
| (၂၃) | ဒေါ်တင်ဇာလွင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မန္တလေးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ချမ်းအေးသာစံမြို့နယ်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊<br>လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊<br>လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၂၄) | ဒေါ်သန်းသန်းမော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျိုက်ထိုမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကျိုက်ထိုမြို့နယ်ရုံး |
| (၂၅) | ဒေါ်ဆုမွန်ထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြစ်သားမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရပ်စောက်မြို့နယ်ရုံး |
| (၂၆) | ဦးဘိုဘိုဟန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ချမ်းအေးသာစံမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စဉ့်ကိုင်မြို့နယ်ရုံး |
| (၂၇) | ဦးလွင်ဟိန်းဇော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊<br>ရုံးချုပ် (ရန်ကုန်) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် (ရန်ကုန်) |
| (၂၈) | ဒေါ်စန္ဒာဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မန့်ဟီးရိုးမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နမ့်ခမ်းမြို့နယ်ရုံး |
| (၂၉) | ဒေါ်မိုးစီစီအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရေကြည်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဇလွန်မြို့နယ်ရုံး |
| (၃၀) | ဒေါ်သင်းမြတ်မွန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊<br>ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဇေယျာသီရိမြို့နယ်ရုံး |
| (၃၁) | ဒေါ်သန်းထိုက်အောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကလေးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တမူးခရိုင်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၃၂) | ဒေါ်စန်းစန်းကြူ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မူဆယ်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပျော်ဘွယ်မြို့နယ်ရုံး |
| (၃၃) | ဒေါ်လှဲ့လှဲ့ဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သံတွဲခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သံတွဲခရိုင်ရုံး |
| (၃၄) | ဦးမျိုးမင်းထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပဲခူးတိုင်းဒေသကြီးရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>လက်ပံတန်းမြို့နယ်ရုံး |
| (၃၅) | ဦးလိန်းမာန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျီခါးမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကန်ပက်လက်မြို့နယ်ရုံး |
| (၃၆) | ဦးဇော်မင်းလွင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပျဉ်းမနားမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပျဉ်းမနားမြို့နယ်ရုံး |

## (ဝန်ကြီးရုံး)

အမှတ် ၂၈၃။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၁) ဦးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူး နေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ဦးအောင်ဇော်ဦး | ရုံးအုပ်<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ငွေစာရင်းဌာနစု၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ငွေစာရင်းဌာနစု၊ ရုံးချုပ် |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ (၁၃၂၅)/၄/၉-၂/(စိုက်/မွေး) အဖရ (ရခိုင်) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်ရှိ ပြည်တော်သာရပ်ကွက်၊ ဘောလုံးကွင်းရပ်ကွက်၊ အနောက်စံပြရပ်ကွက်၊ မကျဉ်းမြိုင်ရပ်ကွက်၊ ဓညဝတီရပ်ကွက်၊ ရဲနွယ်စုရပ်ကွက်၊ မင်းဂံရပ်ကွက်၊ ဆတ်ရိုးကျရပ်ကွက်၊ (စက်မှုရပ်ကွက်)၊ စက်ရုံစုရပ်ကွက် စုစုပေါင်း ၉ ရပ်ကွက်တို့အား မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/(၆၉၃) (စမဆ) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ကိုးတောင့်ကျေးရွာအုပ်စု၊ တောငယ်လုံးကျေးရွာအား ကျေးရွာမြေဌာနဂရန် ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၈/၂၀၂၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/(၆၉၄) (စမဆ) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး

ဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကျွန်းပြားကျေးရွာအုပ်စု၊ ကျွန်းပြားကျေးရွာနှင့် ငဖဲမြို့နယ်၊ ဆင်ချည်တိုင်ကျေးရွာအုပ်စု၊ ပေါက်ရင်းကုန်းကျေးရွာတို့အား ကျေးရွာမြေပုံဥ္စားဂရန် ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၈၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/(၆၉၈) (စမဆ) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ (အမှတ်-၅) ရပ်ကွက်၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ သီလကျေးရွာ၊ မြို့သစ်မြို့နယ်၊ နဘဲကုန်းကျေးရွာတို့အား ကျေးရွာမြေပုံဥ္စားဂရန် ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉၀/၂၀၂၁)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဦးစီးမှူး (ဓာတ်ခွဲခန်း) (၃) ဦးတို့အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၁) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ဓာတ်ခွဲခန်း) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးမြင့်ဇော်ဦး | ဦးစီးမှူး(ဓာတ်ခွဲခန်း) | ဦးစီးအရာရှိ(ဓာတ်ခွဲခန်း) |
| (ခ) | ဦးသန်းနိုင်ဦး | ဦးစီးမှူး(ဓာတ်ခွဲခန်း) | ဦးစီးအရာရှိ(ဓာတ်ခွဲခန်း) |
| (ဂ) | ဒေါ်မြင့်မြင့်နိုင် | ဦးစီးမှူး(ဓာတ်ခွဲခန်း) | ဦးစီးအရာရှိ(ဓာတ်ခွဲခန်း) |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၁/၂၀၂၁)**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ဦးစီးမှူး (မြေဆီလွှာ) ဦးအောင်ကိုဝင်း အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၁) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (မြေဆီလွှာ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ညွန့်ကြည် အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၀ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

လှမိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ သတင်း အချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနရှိ ပြိုဟ်တုဆက်သွယ်ရေးဌာန၌ တာဝန် ထမ်းဆောင်လျက်ရှိသော ဒုတိယအင်ဂျင်နီယာချုပ်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးရန်နောင်စိုး အား ယင်းဌာနတွင် လစ်လပ်နေသည့် အင်ဂျင်နီယာချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၂၁)**

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ သတင်း အချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနရှိ e-Government ဌာန၌ တာဝန်ထမ်းဆောင် လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်နှင်းခိုင်အေး အား ယင်းဦးစီးဌာနရှိ သင်တန်းကျောင်းတွင် လစ်လပ်နေသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၉/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၃/ ၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပစ္စည်းထိန်း-၁ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးအောင်လင်းထွန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ပစ္စည်းထိန်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၀/ ၂၀၂၁)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၃/ ၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကြီးကြပ်ရေးမှူး (၂) ဦး၊ ရေယာဉ်ဆက်သွယ်ရေးမှူး (၁) ဦးနှင့် ရုံးအုပ် (၁) ဦး၊ စုစုပေါင်းဝန်ထမ်း (၄) ဦး တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်မည့်ရာထူး |
|---|---|---|---|
| (က) | ဦးအေးထွန်း | ကြီးကြပ်ရေးမှူး | လက်ထောက်မန်နေဂျာ |
| (ခ) | ဦးမျိုးလွင် | ရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး | လက်ထောက်မန်နေဂျာ |
| (ဂ) | ဦးအောင်ကျော်မိုး | ကြီးကြပ်ရေးမှူး | လက်ထောက်မန်နေဂျာ |
| (ဃ) | ဒေါ်ဝင်းမြင့်သင်း | ရုံးအုပ် | လက်ထောက်မန်နေဂျာ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၂/ ၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (မိုး/ဇလ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၂) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (မိုး/ဇလ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်မိမိဦး |
| (ခ) | ဒေါ်ခင်လှနုထွေး |
| (ဂ) | ဒေါ်သိင်္ဂီတိုး |
| (ဃ) | ဦးသီဟံဆန်း |
| (င) | ဦးဟုန်းအွမ်ဖေ |
| (စ) | ဒေါ်ခိုင်ခိုင်ဦး |

စဉ် အမည်

(ဆ) ဒေါ်မေဌေးစုကြည်

(ဇ) ဒေါ်မိုးသူခိုင်

(ဈ) ဒေါ်သင်းဝင်းခိုင်

(ည) ဦးမြင့်ဦး

(ဋ) ဒေါ်ဝင်းနွယ်ဦး

(ဌ) ဒေါ်နှင်းဝတ်ရည်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

**ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များသတ်မှတ်ခြင်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေပုဒ်မ ၁၈ ပါ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက် များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ နှင့်အထက်) ကျွမ်းကျင်မှု လက်မှတ် လျှောက်ထားသူသည်-

(၁) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်ပြီး လုံးပေါင်းတန်ချိန် ၅၀၀ နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ နှင့်အထက်) သင်တန်း တက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) ကျွမ်းကျင်မှု လက်မှတ်လျှောက်ထားသူသည်-

(၁) ပထမတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၃၀၀ နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) အခြေခံပညာအထက်တန်း အောင်မြင်ပြီးဖြစ်ရမည်။

(၃) ပြည်တွင်းရေကြောင်းသွားရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) သင်တန်း တက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(ဂ) ပြည်တွင်းရေကြောင်းသွား ပထမတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(၁) ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၁၅၀ နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင်ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ပထမတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) သင်တန်းတက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(ဃ) ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(၁) တတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၁၅၀ အောက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) သင်တန်းတက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(င) ပြည်တွင်းရေကြောင်းသွား တတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(၁) ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်ဝန်ထမ်း လုပ်သက်နှစ်နှစ် ရှိရမည်။

(၂) တတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) သင်တန်းတက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

၂။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ ယခင်အတည်ပြု ထုတ်ပေးခဲ့သော ပြည်တွင်းရေကြောင်းသွား ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်များသည် ယခုအမိန့်ကြော်ငြာစာပါ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းရေယာဉ်အုပ်များ၏အဆင့်တူနှင့် လုပ်သက်တူအဖြစ်သတ်မှတ်သည်။

၃။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှု လမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းဆက်သွယ်ရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး (လေကြောင်းလမ်းညွှန် ကွပ်ကဲလုပ်ငန်း စစ်ဆေးရေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဇော်မင်းဦး အား ယင်းဌာနတွင် လစ်လပ်လျက် ရှိသော ဒုတိယအထွေထွေမန်နေဂျာ (လေကြောင်းဆက်သွယ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၇၀/ ၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာ မြို့ပြအင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးစိန်လွင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာမြို့ပြ အင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၇၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု/သွားလာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်ကျော်နိုင် အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ရွာထောင်) တွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (စက်ရုံ/ရွာထောင်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၈၂/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ ရေကြောင်းအင်ဂျင်နီယာပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်စောသန္တာရွှေ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၈၃/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ ရေကြောင်းသိပ္ပံပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ အောင်ကျော်စိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၈၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ ထိုက်ထိုက် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၈၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ စီမံရေးရာဌာနမှ ဌာနမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်သူ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၉၂/ ၂၀၂၁)

၁။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ကြည်ကြည်နွယ် အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ် ပြည့်ပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်မှ စတင်ခံစားခွင့်ပြုပြီး၊ ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျ သတ်မှတ်တည်ထောင်သည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအောက်တွင် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန် (သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍ) ပါမောက္ခချုပ်၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) ပါမောက္ခချုပ်၊ ဘားအံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) အထွေထွေအတွင်းရေးမှူး၊ UNESCO အမျိုးသားကော်မရှင် — အဖွဲ့ဝင်

(တ) အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းကော်မတီ — အဖွဲ့ဝင်

(ထ) ဥက္ကဋ္ဌ၊ Geopark ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း — အဖွဲ့ဝင်

(ဒ) ကိုယ်စားလှယ်တစ်ဦး၊ UNESCO – မြန်မာနိုင်ငံရုံး — အဖွဲ့ဝင်

(ဓ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဘူမိဥယျာဉ်အား အများပြည်သူမှ သိမြင်မှု မြှင့်တင်ခြင်း၊

(ခ) အမျိုးသားအဆင့် ဘူမိဥယျာဉ်များ သတ်မှတ်ခံရရေး ဆောင်ရွက်ခြင်း၊

(ဂ) ယူနက်စကို ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်း တင်သွင်းနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ပြီးသည့် အမျိုးသားအဆင့်ဘူမိဥယျာဉ်နှင့် အမျိုးသားအဆင့်ဘူမိဥယျာဉ်များ သတ်မှတ်ခံရရေး ဆောင်ရွက်နေမှုအား အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) လုပ်ငန်းကော်မတီအစည်းအဝေးအား အနည်းဆုံး (၁) နှစ်လျှင် (၃) ကြိမ် ပုံမှန်ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(စ) လုပ်ငန်းကော်မတီ အစည်းအဝေးရလဒ်များကို အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီသို့ တင်ပြခြင်း၊

(ဆ) လုပ်ငန်းကော်မတီအစည်းအဝေးသို့ လိုအပ်ပါက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆက်စပ်ပတ်သက်သူများအား ဖိတ်ကြားခြင်း။

၃။ ဤပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၂၄၅/ ၂၀၁၉) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လှမောင်သိန်း
အတွင်းရေးမှူး
အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၃၉၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဒေါ်နှင်းနှင်းဆန်း အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)၊ ဘဏ္ဍာရေးဌာနခွဲရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ ပစ္စည်းထိန်း-၁ ဒေါ်ငွေငွေလှိုင် အား ယင်းလုပ်ငန်းရှိ လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပစ္စည်း) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

အောင်သန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

### ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

### ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဓ) နှင့် ပုဒ်မ ၄၇ တို့အရ

အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၀) တွင် ဖော်ပြထားသည့် တားမြစ်ဓာတုပစ္စည်းများစာရင်းပါ အပိုဒ် ၅ ၌ပါရှိသော အောက်ဖော်ပြပါ ဓာတုပစ္စည်း သုံးမျိုးသည် ပိုးသတ်ဆေးအဖြစ် သုံးစွဲခြင်းမပြုသော အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက် ရှိသည့် ဓာတုပစ္စည်းများဖြစ်သဖြင့် ယင်းဓာတုပစ္စည်း (၃) မျိုးကို ပိုးသတ်ဆေးနှင့် အစားအသောက် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများမှအပ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၀) ပါ တားမြစ်ဓာတုပစ္စည်းအဖြစ်မှ ပယ်ဖျက်၍ ကန့်သတ်ဓာတုပစ္စည်း အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) Borax Decahydrate

(ခ) Mineral Oil

(ဂ) Boric Acid

၂။ အဆိုပါ ဓာတုပစ္စည်း (၃) မျိုးနှင့်စပ်လျဉ်း၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း လုပ်ကိုင်ရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် အောက်ပါအချက် များကိုပါ လိုက်နာဆောင်ရွက်ရမည်-

(က) အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ (Material Safety Data Sheet-MSDS) ရှိ Hazard Identification, First-aid Measures, Fire Fighting Measures, Measures for Accident (Accidental Release Measures), Handling and Storage နှင့် Exposure Control and Protection (Exposure Controls/Personal Protection) များအား မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ခ) ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံးညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labeling of Chemicals) ၏ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ဂ) မှတ်ပုံတင်ခြင်းပြုလုပ်ရာတွင် မိမိလုပ်ငန်းနှင့်ကိုက်ညီသောပမာဏကိုသာ မှတ်ပုံတင်ထားပြီး ယင်းပမာဏထက် ကျော်လွန်၍ တင်သွင်းမှုမပြုခြင်း၊

(ဃ) အရေပြားနှင့်ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်း၊ မျိုချမိခြင်း၊ မျက်လုံးထဲသို့ဝင်ခြင်း၊ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိ ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများပြုလုပ်ထားခြင်း၊

(င) အသုံးပြုနေစဉ်အတွင်း ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများကို ဝတ်ဆင်အသုံးပြုခြင်း၊

(စ) အသုံးပြုရာမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား (ကွန်တိန်နာပုံးများအပါအဝင်) စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်း (Waste Treatment Facility) များသို့ ပေးပို့သောနည်းလမ်းဖြင့် စွန့်ပစ်ခြင်း။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၄၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်သန်းသန်းဌေး အား အဆင့်မြင့်ပညာ ဦးစီးဌာန၊ ပဲခူးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်ရာထူးကိုရယူ၍ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ညွန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်အမှတ် (၅၂၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Corona-virus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော (၁၄) ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြု လူနာများမှာလည်း တစ်ဦးမှ တစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြု

လူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ခွဲခြားနေမှုနှင့်ရောဂါရှာဖွေစစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေး ဌာနမှဝန်ထမ်းများ၊ နှီးနွှယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့ လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၅-၁၁-၂၀၂၁ ရက် နံနက် (၄) နာရီအချိန်မှစ၍ မိမိနေအိမ်တွင်နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

(က) **ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
- (၁) ဇမ္ဗူသီရိမြို့နယ်
- (၂) ပျဉ်းမနားမြို့နယ်
- (၃) လယ်ဝေးမြို့နယ်
- (၄) တပ်ကုန်းမြို့နယ်

(ခ) **ကချင်ပြည်နယ်**
- (၁) ရွှေကူမြို့နယ်
- (၂) မိုးကောင်းမြို့နယ်
- (၃) မြစ်ကြီးနားမြို့နယ်
- (၄) ဝိုင်းမော်မြို့နယ်

(ဂ) **ကယားပြည်နယ်**
- (၁) လွိုင်ကော်မြို့နယ်

(ဃ) **ကရင်ပြည်နယ်**
- (၁) မြဝတီမြို့နယ်

(င) **ချင်းပြည်နယ်**
- (၁) တီးတိန်မြို့နယ်

(စ) **မကွေးတိုင်းဒေသကြီး**
- (၁) နတ်မောက်မြို့နယ်

(ဆ) **မန္တလေးတိုင်းဒေသကြီး**
- (၁) မြစ်သားမြို့နယ်
- (၂) မတ္တရာမြို့နယ်
- (၃) သပိတ်ကျင်းမြို့နယ်
- (၄) မိတ္ထီလာမြို့နယ်
- (၅) ငါန်းဇွန်မြို့နယ်
- (၆) တောင်သာမြို့နယ်

( ဓ ) **မွန်ပြည်နယ်**

(၁) ချောင်းဆုံမြို့နယ်

( ဈ ) **ရှမ်းပြည်နယ်**

(၁) နောင်ချိုမြို့နယ်

(၂) သီပေါမြို့နယ်

(၃) ကျိုင်းတုံမြို့နယ်

(၄) ညောင်ရွှေမြို့နယ်

(၅) တောင်ကြီးမြို့နယ်

(၆) ရပ်စောက်မြို့နယ်

(၇) မူဆယ်မြို့နယ်

(၈) လားရှိုးမြို့နယ်

(၉) လောက်ကိုင်မြို့နယ်

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ခေတ္တဒုတိယအမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ် ဆ/၁၅၂၆ ဦးဝင်းမင်းထွဋ်အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ဒုတိယအမြဲတမ်းအတွင်းဝန် အဖြစ် ခန့်ထားလိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၅၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ အရ အစိုးရအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆) လအတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီတို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးဌေးလှိုင် | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ကျော်စိုး | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဦးထိန်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့်<br>နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးကျော်ယဉ်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၆) | ဦးခင်ဌေး | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

(ခ) တင်ဒါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဝါဒဦးဆောင်ကော်မတီသို့တင်ပြကာ လမ်းညွှန်အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်-

(၁) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းအတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်တို့ သတ်မှတ်ခြင်း၊

(၅) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူး တာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာ၊ တင်ဒါ အောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) ''တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ'' ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၉) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် အောင်မြင်သူ များထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်တင်ဒါပစ္စည်းဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင် ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(၁၂) လုပ်ငန်းဆောင်ရွက်မှုများအား မူဝါဒဦးဆောင်ကော်မတီသို့ တင်ပြခြင်း။

(ဂ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်ကျော်စိုး | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | ဦးမြတ်သွင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဦးမင်းဇော် | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစောနိုင် | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်ယဉ်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |

(ဃ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် ကုမ္ပဏီအမည်သမိုင်းကြောင်း၊ အကြံပြုချက်များနှင့်အတူ တင်ပြခြင်း။

(င) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်မြင့် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဦးအောင်သီဟ | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်မှုံရွှေရည် | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆန်းလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | အတွင်းရေးမှူး |

(စ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုရယူမည့်လုပ်ငန်း၏ ကြမ်းခင်းဈေးနှုန်းကို တင်ဒါကော်မတီသို့ တင်ပြခြင်း။

(ဆ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးထိန်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ခိုင်ဆွေ | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးထွန်းဦး | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်ခင်ညို | ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးရဲထွန်းဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အတွင်းရေးမှူး |

(ဇ) အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

၂။ တင်ဒါကော်မတီဝင်များအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက် အမှတ် (၁/၂၀၁၇) နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ ဘဏ္ဍာငွေပမာဏများပြားသော နိုင်ငံခြားငွေအလုံးအရင်းအသုံးပြုရသော၊ နည်းပညာစစ်ဆေးရန် လိုသော လုပ်ငန်းများအတွက် တင်ဒါလုပ်ငန်းများအား သီးခြားထပ်မံဖွဲ့စည်းရမည်။

၄။ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် တင်ဒါကော်မတီအား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်ပြီး အသစ်ဖွဲ့စည်းလိုက်သည့် တင်ဒါကော်မတီသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစတင်အသက်ဝင်သည်။

၅။ တင်ဒါခေါ်ယူခြင်း၊ အတည်ပြုခြင်းများကို နိုင်ငံတော်မူဝါဒ၊ တင်ဒါစည်းမျဉ်းများနှင့် ကွဲလွဲမှုမရှိစေရန် အတွက် ဝန်ကြီးဌာနဦးဆောင်ကော်မတီသို့ ဦးစွာတင်ပြရမည်။

ခင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဖားကန့်မြို့နယ်စည်ပင်သာယာရေး အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ဖြူဖြူဝင်း (ဒုတိယဦးစီးမှူး) အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့် ခန့်ထားလိုက်သည်။

ခက်ထိန်နန်
ပြည်နယ်ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်<br>(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

**(ရေတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

အမှတ် ၇/၂၀၂၁။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | သက်ပိုင်စိုး | ရေ | ၅၆၃၂ |
| (၂) | ဇေယျာလင်း | ရေ | ၅၆၃၃ |
| (၃) | ဇင်လူထွန်း | ရေ | ၅၆၃၄ |
| (၄) | စိုင်းဇင်ကို | ရေ | ၅၆၃၅ |
| (၅) | အောင်အောင်ဦး | ရေ | ၅၆၃၆ |
| (၆) | မျိုးချမ်း | ရေ | ၅၆၃၇ |
| (၇) | ပြည်သိန်းကျော် | ရေ | ၅၆၃၈ |
| (၈) | ဇော်ထက်နိုင် | ရေ | ၅၆၃၉ |
| (၉) | စောအောင်ပြည့် | ရေ | ၅၆၄၀ |
| (၁၀) | နိုင်ဝင်း | ရေ | ၅၆၄၁ |
| (၁၁) | အောင်ကိုကို | ရေ | ၅၆၄၂ |
| (၁၂) | ရဲရင့်အောင် | ရေ | ၅၆၄၃ |
| (၁၃) | ကျော်သီဟ | ရေ | ၅၆၄၄ |
| (၁၄) | အောင်ဇော် | ရေ | ၅၆၄၅ |
| (၁၅) | မင်းကိုကို | ရေ | ၅၆၄၆ |
| (၁၆) | သန်းတိုးအောင် | ရေ | ၅၆၄၇ |

(၁၇) လှသိန်း ရေ ၅၆၄၈
(၁၈) အောင်ကိုဟိန်း ရေ ၅၆၄၉
(၁၉) ကောင်းမြတ်စံ ရေ ၅၆၅၀
(၂၀) အောင်ကိုကိုထွေး ရေ ၅၆၅၁
(၂၁) အောင်ကိုကိုဟန် ရေ ၅၆၅၂
(၂၂) ဥာဏ်ဟိန်းအောင် ရေ ၅၆၅၃
(၂၃) စိုင်းခန့်သူရိန် ရေ ၅၆၅၄
(၂၄) ကျော်ဇင်လတ် ရေ ၅၆၅၅
(၂၅) လှိုင်မင်းသက် ရေ ၅၆၅၆
(၂၆) ဖေယျာလွင် ရေ ၅၆၅၇
(၂၇) ကျော်ဇောအောင် ရေ ၅၆၅၈
(၂၈) ရဲထက်ဇော် ရေ ၅၆၅၉
(၂၉) ဖြိုးဝင်း ရေ ၅၆၆၀
(၃၀) ကောင်းခန့်စည်သူ ရေ ၅၆၆၁

## (လေတပ်ဌာနစု)

အမှတ် ၁၀/၂၀၂၁။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

### တပ်မတော် (လေ)
### အထွေထွေဌာနခွဲ (လေသူရဲ)

(၁) ဖွဲ့ခန့်အောင် လေ ၄၄၈၇
(၂) အာကာထက်ညီ လေ ၄၄၈၈
(၃) လှိုင်မင်း လေ ၄၄၈၉
(၄) ရဝေအောင် လေ ၄၄၉၀
(၅) ဇာနီထက်မောင် လေ ၄၄၉၁
(၆) ဟိန်းဇာနည် လေ ၄၄၉၂
(၇) မင်းသက်စိုး လေ ၄၄၉၃
(၈) ကျော်သီဟထွန်း လေ ၄၄၉၄
(၉) နိုင်ဘုန်းအောင် လေ ၄၄၉၅
(၁၀) ချမ်းအောင် လေ ၄၄၉၆
(၁၁) အောင်ခန့်ကျော် လေ ၄၄၉၇
(၁၂) ရဲမာန် လေ ၄၄၉၈
(၁၃) လင်းထက်ပိုင် လေ ၄၄၉၉
(၁၄) ရှင်းသန့်အောင် လေ ၄၅၀၀

| | | |
|---|---|---|
| (၁၅) | ထက်ဝင်းသူ | လေ ၄၅၀၁ |
| (၁၆) | အောင်မျိုးမြင့် | လေ ၄၅၀၂ |
| (၁၇) | နေထက်အောင် | လေ ၄၅၀၃ |
| (၁၈) | ပြည့်စုံကျော် | လေ ၄၅၀၄ |
| (၁၉) | ခန့်ဝင်းအောင် | လေ ၄၅၀၅ |
| (၂၀) | ဝေတိုးခန့် | လေ ၄၅၀၆ |
| (၂၁) | ရဲနန္ဒ | လေ ၄၅၀၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၆၇၁/တမ-၂/၃၀၂/၂/၂၀၂၁ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၁၈၉၅) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးချစ်ကိုကိုအောင် အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ရသုံး/ စီမံကိန်းဌာနစုတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းဌေးဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

အမှတ် ၁၅။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ပုဒ်မ ၁၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြေကွက်အမှတ် - ၁၈၀ အေ၊ ရွာသာကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ KM Terminal and Logistics Limited ၏ ၄,၇၈၈ စတုရန်းမီတာ (4,788 Sqm) အကျယ်အဝန်းရှိ တိုးချဲ့ဧရိယာအား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှစ၍ အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်လိုက်သည်။

ကြည်ဇင်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

အမှတ် ၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၇၅၄၆/၂၀၂၁) အရ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာများအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်)

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်နေရာ |
|---|---|---|
| ၁ | ဦးအောင်မျိုးထွန်း (ID – 09631) | ရှမ်းပြည်နယ်ရုံး |
| ၂ | ဒေါ်ခင်စန်းဝေ (ID – 00159) | ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ |
| ၃ | ဒေါ်တင်သီတာစု (ID – 00216) | ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ |
| ၄ | ဒေါ်ကေသွယ်စိုး (ID – 00161) | ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ |

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

အမှတ် ၁၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ် – ၁/၀၁/၁၀၀၀ (က)/၁၂၈၅/၂၀၂၁ အရ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးအား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဦးဇော်ဦး | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၂ | ဦးအောင်သူကြွယ် | ဒုတိယညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့။ |

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

အမှတ် ၉၇၉။ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေး အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သိန်းဝင်း
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

## ကုသရေးဦးစီးဌာန

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

အမှတ် ၁၄။ မကွေးမြို့၊ သင်ကြားရေးဆေးရုံကြီးမှ ပါမောက္ခ (မေ့ဆေး) ဒေါက်တာ အေးကို (ဆမ-၁၁၈၆၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅။ ရန်ကုန်မြို့၊ အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (မျက်စိ) ဒေါက်တာ ကြည်လွင်ဦး (ဆမ-၁၁၂၉၄) [ရန်ကုန်မြို့၊ အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၊ အထူးကုဆရာဝန်ကြီး (စိတ်ပညာ) ရာထူးအင်အားဖြင့်] အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

အမှတ် ၁၆။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဒုတိယတာဝန်ခံ ဆေးရုံအုပ်ကြီး) ဒေါက်တာ မြင့်မြင့်အေး (ဆမ-၁၁၅၃၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

အမှတ် ၁၇။ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ မျိုးမြင့် (ဆမ-၁၀၄၁၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ကုသရေးဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၀ထရ-၄/သပ-၁ဃ/၂၁-၁၆ ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်စာအား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာ မြတ်ဝဏ္ဏစိုး
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

## အားကစားနှင့် ကာယပညာဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ စာရင်းကိုင် (၁)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးအား ဦးစီးအရာရှိ (ငွေစာရင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲပါ ဌာနခွဲများတွင် တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာနခွဲ |
|---|---|---|
| (၁) | ဒေါ်ခင်စောညိမ်း<br>စာရင်းကိုင် (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | ဦးစီးအရာရှိ (ငွေစာရင်း)<br>အားကစားကွင်း/ရုံဌာနခွဲ |
| (၂) | ဒေါ်ဇာနည်ကြည်လွင်<br>စာရင်းကိုင် (၁)<br>အား/ကာသိပ္ပံ (ရန်ကုန်) | ဦးစီးအရာရှိ (ငွေစာရင်း)<br>စီမံ/ဘဏ္ဍာဌာနခွဲ<br>(ဘဏ္ဍာရေးဌာနစု) |

ထွန်းမြင့်ဦး
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### LAY PYAY HNYIN TRADING COMPANY LIMITED
### ဖျက်သိမ်းရန်ကြေညာချက်

၁။ **LAY PYAY HNYIN TRADING COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂-၁၂-၂၀၂၁) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၄၅၊ ပထမထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို B.Com., CPA., LCCI., M.S.A, (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်မာမာစန်း
အုပ်ချုပ်မှုဒါရိုက်တာ
LAY PYAY HNYIN TRADING COMPANY LIMITED

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
LAY PYAY HNYIN TRADING COMPANY LIMITED
Phone :09-43201827, 09-979886630
Phone :01-8397008, 01-8294491

**APOGEE COMPANY LIMITED**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၁-၁-၂၀၂၂

ကျင်းပမည့်အချိန် - နံနက် (၉:၀၀) နာရီ

ကျင်းပမည့်နေရာ - အမှတ် ၅၃၅၊ သန္တာ (၁) လမ်း၊ (စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၃၉)

**Shunkai (Myanmar) International Trading Co., Ltd**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **Shunkai (Myanmar) International Trading Co., Ltd** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၁၂-၂၀၂၁) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Paing Htet Kyaw
Managing Director
Shunkai (Myanmar) International Trading Co., Ltd

ဦးဇင်ဝေ
B.Com (AA); CPA (၂၁၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**M. TAMAI ARCHITECTS & ASSOCIATES CO., LTD**

Notice of Special Resolution

For Members' Voluntary Winding – up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on (16–12–2021), the Company is placed under voluntary winding up, and Daw Khaing Khaing Nwet Tin and U Aung Ko Maw have been appointed Liquidators of the Company.

2. Therefore, all creditor and debtors of the company hereby are notified to claim with evidence or to pay, if any, to above–mentioned Liquidators to the address mentioned hereunder within one month.

Mr. Tamai Hidekazu
Managing Director

Daw Khaing Khaing Nwet Tin
M Res, LL.M, LL.B, DBL, DIPL.
Liquidator
U Aung Ko Maw (LL.B)
Liquidator

**Liquidator's office** – No. 221, Level 11, Sule Pagoda Road, Kyauktada Township, Yangon, Myanmar (Phone – 19421054776, 09–250539357, 01–9255201)

**ရွှေကျွန်းမြေ ကုမ္ပဏီလီမိတက်**

**(Shwe Kyunn Myay Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ (၃၄၈) အရ ကုမ္ပဏီအား ဆန္ဒအလျောက်

စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်

(က) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအထူးအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ရွှေကျွန်းမြေ ကုမ္ပဏီ လီမိတက် (Shwe Kyunn Myay Company Limited)** အား (၁၄–၁၂–၂၀၂၁) ရက်နေ့မှစ၍ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၂) ကုမ္ပဏီသည် ယင်း၏ ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်မြတ်သက် (CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အထူးဆုံးဖြတ်ချက်ဖြင့် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

( ခ ) ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ခိုင်လုံသော အထောက်အထားများဖြင့် စာရင်းရှင်းလင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်

NWE Ni SEIN
Managing Director
SHWE KYUNN MYAY CO., LTD

**BIOSCIENCE ANIMAL HEALTH (MYANMAR) CO., LTD**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကုမ္ပဏီအား ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **BIOSCIENCE ANIMAL HEALTH (MYANMAR) CO., LTD** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၃-၇-၂၀၂၁) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် [တိုက် (1)၊ အခန်း (A–2)၊ မယ်ဇီကုန်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အိမွန်ချို] တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၅၈/၂၀၁၇)၊ မှတ်ပုံတင်အမှတ် [၅/မရန (နိုင်) ၁၇၉၆၉၅] အား ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်အိမွန်ချိုထံ ဆက်သွယ် ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Mr. Rungroj Thavontanakul
MANAGING DIRECTOR
BIOSCIENCE ANIMAL HEALTH
(MYANMAR) CO., LTD

ဒေါ်အိမွန်ချို
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၅၈/၂၀၁၇)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
BIOSCIENCE ANIMAL HEALTH
(MYANMAR) CO., LTD
Phone : 09–420052214, 09–956625657

Mr. Dhanawat Khongjaroensombat
DIRECTOR
BIOSCIENCE ANIMAL HEALTH
(MYANMAR) CO., LTD

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၉၂၅/ ၂၄–၁၂–၂၀၂၁။